FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင် ယုံကြည် ခွင့် - မိမိနှစ်သက်ရာ ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ကိုးကွယ်ခွင့် နှင့် ကူးပြောင်းခွင့်

လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်ခွင့်ရဲ့ အဓိကပဓာနကျတဲ့အပိုင်းက မိမိရဲ့ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ထိန်းသိမ်းခွင့်၊ ဘာသာကူးပြောင်းခွင့် ဒါမှမဟုတ် နှုတ်ထွက်ခွင့်တို့ ဖြစ်ပါတယ်။ လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) ဘာသာကူးပြောင်းခွင့်ဟာ နိုင်ငံတကာ ဥပဒေအရ အကြွင်းမဲ့ အခွင့်အရေးတစ်ခုဖြစ်ပြီး ဒီဟာကို ဘယ်တော့မှ ကန့်သတ်ထားလို့ မရနိုင်ပါဘူး။ သင်ဟာ ခရစ်ယာန်၊ မွတ်ဆလင်၊ ဘဟိုင်း၊ ရက်ဇဒီ၊ ဒါမှမဟုတ် ဘာသာမဲ့ ဖြစ်ပါစေ၊ ပြီးတော့ စက်ာပူ၊ ဆွီဒင်၊ ဆူဒန် ဘယ်နိုင်ငံမှာနေနေ၊ အဲနေရာမှာ ငြိမ်းချမ်းနေသည်ဖြစ်စေ၊ စစ်ဖြစ်နေသည်ဖြစ်စေ၊ ဘာသာရေးခေါင်းဆောင်နဲ့ နိုင်ငံရေး ခေါင်းဆောင်တွေက ဘယ်လိုဘဲ တိုက်တွန်းနေပါစေ၊ သင်ကိုယ်တိုင် နှင့် လူတစ်ဦးချင်းစီမှာ မိမိတို့ သက်ဝင်ယုံကြည်မှုတွေကို ထိန်းသိမ်းခွင့်၊ သက်ဝင်ယုံကြည်မှုကို မြတ်နိုးခွင့်၊ ဘာသာ ကူးပြောင်းခွင့် နှင့် မယုံကြည်သူဖြစ်ခွင့် ရှိကြပါတယ်။

လူများစွာတို့ရဲ့ ဒီအကြွင်းမဲ့အခွင့်အရေးဟာ ငြင်းဆိုခံနေရပြီး လူများစွာတို့ဟာ သူတို့ရဲ့ ဘာသာတရား၊ သက်ဝင်ယုံကြည်မှုကြောင့် အစိုးရ၊ မိသားစုဝင်တွေ နှင့် သူတို့အသိုင်းအဝိုင်းထဲမှာ ရှိနေတဲ့ အုပ်စုတွေရဲ့အပြစ်ပေးတိုက်ခိုက်မှုတွေ ခံကြရပါတယ်။

တချို့ အစိုးရက အချို့သောကိုးကွယ်မှု (သို့) သက်ဝင်ယုံကြည်မှုကို တားမြစ်ပိတ်ပင်ခဲ့ကြတယ်။ ဗုဒ္ဓဘာသာတစ်ခုကိုသာ သက်ဝင်ယုံကြည်၊ ကိုးကွယ်ကြတဲ့ တရုတ်နိုင်ငံမှာ ဖလွန်းဂေါင်း (Falun Gong) ဘာသာကို ပိတ်ပင်တားမြစ်ထားပါတယ်။ ဒါကြောင့် ဖလွန်းဂေါင်းဘာသာ ကိုးကွယ်သူ များဟာ အကျဉ်းချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မခိုင်းစေခြင်း နှင့် သူတို့ရဲ့ သက်ဝင်ယုံကြည်မှု ကို စွန့်လွှတ်ဖို့ ဖိအားပေး သင်ကြားတာတွေ ခံစားနေရပါတယ်။

အာရီထရီးယား(Eritrea) နိုင်ငံမှာဆိုရင် နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ ဘာသာတရား (၄) ခု ရှိပြီး အသိအမှတ်ပြုမထားတဲ့ ပန်တီကိုစတယ်ခရစ်ယာန်များ (Pentecostal Christian) နှင့် ယေဟောဂါသက်သေခံသူတွေကို (Jehovah's Witnesses) နည်းလမ်းမျိုးစုံနဲ့ ပြင်းပြင်းထန်ထန် အပြစ်ပေးလျက်ရှိပါတယ်။

ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်ခြင်းခွင့်တွေ ချိုးဖောက်ခံရတာကို အခြားဥပမာများ အနေနဲ့ မြင်တွေ့နိုင်တာကတော့ မုန်းတီးမှုရာဇဝတ်မှုများပဲ ဖြစ်ပါတယ်။ အခွင့်အရေးချိုးဖောက်သူတွေက

ယုံကြည်သူတွေရဲ့ ဘာသာရေးအမှတ် ရပ်တည်ချက် နှင့် သက်ဝင်ယုံကြည်မှုကို ပစ်မှတ်ထား ကျူးလွန်တဲ့ မုန်းတီးမှုအခြေခံရာဇဝတ်မှုတွေပဲ ဖြစ်ပါတယ်။ ချိုးဖောက်ခံရသူတွေဟာ မတူညီတဲ့ ကိုးကွယ်မှု (သို့) သက်ဝင်ယုံကြည်မှုရှိနေလို့ တိုက်ခိုက်ခံနေရတာ ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံမှာဆိုရင် ၂၀၁၅ ခုနှစ်က အမုန်းရာဇဝတ်မှုလို့ခေါ်တဲ့ မှတ်ဆလင်တွေအပေါ် စော်ကားခြင်း၊ ကိုယ်ထိလက်ရောက်နှောက်ယှက်ခြင်းနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းဟာ ၂၅၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ဖြစ်စဉ် ၃၃၆ ခု မှတ်တမ်းရယူနိုင်ခဲ့ပါတယ်။ ဂျူးလူမျိုးအပေါ် အမုန်းရာဇဝတ်မှု ကျူးလွန်မှုနှုန်းလည်း ဆက်လက်မြင့်မားလျက်ရှိပြီး ဖြစ်စဉ် ၇၁၅ ခုကို အစီရင်ခံရေးသားခဲ့ပါတယ်။

မက္ကဆီကိုနယ်စွန်နယ်ဖျားဒေသတွေမှာလည်း ပရိုတက်စတင်းခရစ်ယာန်ဘာသာဝင်တစ်ယောက် ကို  မိရိုးဖလာကိုးကွယ်ပြီး ကတ်သလစ်ခရစ်ယာန်သာသနာကိုထိန်းသိမ်းချင်တဲ့ လူထု ခေါင်းဆောင်တွေက အကြမ်းဖက်ခြင်း နှင့် နေအိမ်ခြံထဲက မောင်းထုတ်တာတွေ ပြုလုပ် ခဲ့ပါတယ်။

နိုင်ငံအတော်များများမှာ ဘာသာရေးရပ်တည်မှု၊ အမျိုးသားရေးအမှတ်လက္ခဏာ နှင့် နိုင်ငံတော်ရဲ့ အမှတ်လက္ခဏာတွေဟာ ရောထွေးလျှက်ရှိပါတယ်။ ဒီအခြေအနေမှာ ဘာသာမဲ့တွေ အပါအဝင် လူနည်းစုဘာသာဝင်တွေ နှင့် လူများစုကိုးကွယ်တဲ့ဘာသာဝင်မှ နုတ်ထွက်သူတွေကို တိုင်းပြည်အပေါ် သစ္စာစောင့်သိမှုမရှိတဲ့သူ ဒါမှမဟုတ် တိုင်းပြည်လုံခြုံရေးကို ခြိမ်းခြောက် နေသူများလို့ ရှုမြင်ကြပါတယ်။

မိမိကိုးကွယ်ရာဘာသာ (သို့) သက်ဝင်ယုံကြည်မှုတစ်ခုက နုတ်ထွက်နိုင်တဲ့ အကြွင်းမဲ့ အခွင့်အရေးကို လူတော်တော်များများ လစ်လျူရှုခဲ့ကြပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ဘာသာရေးဥပဒေတွေနဲ့ပတ်သက်ပြီး လွတ်လပ်ခွင့်ရှိပေမဲ့ အဲဒီဥပဒေတွေဟာ အစ္စလာမ်ဘာသာ၊ ကက်သလစ်နဲ့ ပရိုတက်စတင်းခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ကွန်ဖြူးရှပ်ဘာသာ နှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူတွေကိုသာ အကာအကွယ်ပေးထားပါတယ်။ ဘာသာမဲ့တွေကိုတော့ အကာအကွယ်ပေးမထားပါဘူး။ အသက် (၃၀) နှစ်အရွယ်၊ အဲလက်စ်အန် ဆိုတဲ့ မွတ်ဆလင်ပတ်ဝန်းကျင်မှာ ကြီးပြင်းလာသူတစ်ယောက်ဟာ ဖေ့စ်ဘုတ်မှာဘာသာမဲ့တွေရဲ့ စာမျက်နှာ တစ်ခုထောင်ပြီး “ဘုရားသခင် မရှိဘူး” လို့ ရေးသားခဲ့မိတာကြောင့် ထောင်ဒဏ် (၂ နှစ်ခွဲ) နဲ့ အမေရိကန်ဒေါ်လာ ၁၁၀၀၀ ဒဏ်ရိုက်ခံခဲ့ရပါတယ်။

အေယန်ဟာလည်း ဘာသာရေးအမုန်းပွားရေးနဲ့ ပဋိပက္ခဖြစ်စေဖို့ သတင်းအချက်အလက်တွေ ရေးသားခြင်း၊ အင်တာနက်လူမှုကွန်ယက်ပေါ်မှာ ဘာသာရေးကို စော်ကားတဲ့ သတင်းစကားတွေဖြန့်ဝေခြင်း၊ ဘာသာမဲ့တစ်ယောက်အဖြစ် ခံယူဖို့ အခြားသူတွေကို စည်းရုံးခြင်း စတဲ့ စွပ်စွဲချက်နှင့် ဒဏ်ရိုက်ခံခဲ့ရပါတယ်။ သူ့လုပ်ရပ်အတွက် ဖေ့စ်ဘုတ်စာမျက်နှာမှာ

လူသိရှင်ကြား တောင်းပန်ခဲ့ပေမယ့် လူရမ်းကားတွေရဲ့ရိုက်နက်ခြင်း နှင့် သူ့အသိုင်း အဝိုင်းရဲ့ ပိုင်းဂန်း ပစ်ပယ်ခြင်းကို ခံခဲ့ရပါတယ်။

အီရန်နိုင်ငံမှာဆိုရင် အစ္စလာမ်ဘာသာက ခရစ်ယာန်ဘာသာကူးပြောင်းသွားတဲ့သူတွေကို ပြင်းထန်တဲ့ ပြစ်ဒဏ်တွေ ချမှတ်လေ့ရှိပါတယ်။ အထူးသဖြင့် တရားဝင်မှတ်ပုံတင်မထားတဲ့ နေအိမ်တွင်း ဂတ်ပြုတဲ့ အသင်းတော်တွေကိုပေါ့။ ၂၀၁၇ ဇူလိုင်လမှာ ဘာသာကူးပြောင်းသူ (၄) ယောက်ဟာ "နိုင်ငံတော်ရဲ့ လုံခြုံရေးကို ဆန့်ကျင်မှု" နဲ့ ထောင်ဒဏ် (၁၀)နှစ်စီ ချမှတ် ခံခဲ့ရပါတယ်။ အဲဒီထဲ က (၃) ယောက်ကို အစိုးရက မွတ်ဆလင်ဘာသာဂင်အနေနဲ့ ဆက်လက်သတ်မှတ်ထားပြီး ဘုရားသခင်ရဲ့အသွေးတော်ကို ကိုယ်စားပြုတဲ့ ဝိုင် သောက်ခဲ့တဲ့ အတွက် ကြိမ်ဒဏ် အချက် (၈၀) ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ ဒါကတော့ အီရန်နိုင်ငံက မွတ်ဆလင်တွေကို တရားဂင်အရက်သောက်ခွင့် ပြုမထားတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ ဘာသာရေးခေါင်းဆောင်တော်တော်များများဟာ မြင့်မြတ်တဲ့ ဘာသာရေး မိန့်ကြား ချက်တွေနဲ့ ဘာသာရေးဥပဒေ ဓလေ့ထုံးတမ်းတွေကို လူအများစုကိုးကွယ်တဲ့ ဘာသာမှ ကူး ပြောင်းခြင်း၊ အခြားအဖွဲ့တစ်ခုခုမှာ ပါဝင်ခြင်းကို ပိတ်ပင်တားမြစ်ဖို့ နှင့် အပြစ်ပေးဖို့ရည်ရွယ်ပြီး အနက်ဖွင့် အသုံးချလေ့ ရှိပါတယ်။ ပြစ်ဒဏ်တွေမှာ သေဒဏ်ချမှတ်တာ၊ အကျဉ်းချတာ၊ အလုပ်ဖြုတ်ခံရတာ၊  လက်ထပ်ပွဲ ဖျက်သိမ်းတာနှင့် ကလေးတွေကို မွေးစားခွင့်မပြုတာတို့ ပါဝင်ပါတယ်။ မွတ်ဆလင်အများစုနေထိုင် တဲ့ ဆော်ဒီအာရေဗျနိုင်ငံ နှင့် ပါကစ္စတန်နိုင်ငံတွေမှာ အစ္စလာမ်ဘာသာက ကူးပြောင်းခွင့်မပြုတဲ့ တရားဥပဒေသတ်မှတ်ချက်တွေ ရှိခဲ့ပါတယ်။  ဒါကို ဘယ်လိုမှ ရှောင်လွှဲလို့မရတာမဟုတ်ပါဘူး။ ဥပမာ- ဆီရာလီယွန်နိုင်ငံက လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ မွတ်ဆလင်ဖြစ်ပြီး၊ ၂၀ ရာခိုင်နှုန်းဟာ ခရစ်ယာန်တွေဖြစ်ကြပါတယ်။ အများပြည်သူကြား ဘာသာရေးကိစ္စဟာ ထင်ထင် ပေါ်ပေါ်ဖြစ်ပေမယ့်  နိုင်ငံရေးနှင့် မနီးနွယ်စေဘဲ၊ ဘာသာနှစ်ခုအကြား ဘာသာကူးပြောင်းမှုဟာလည်း သာမန်လုပ်ဆောင်မှု ဖြစ်ပါတယ်။

ဒီလိုပြဿနာတွေဟာ မွတ်ဆလင်ဘာသာဝင် အများစုနေထိုင်တဲ့ နိုင်ငံတွေမှာဘဲ တွေ့ရတာ မဟုတ်ပါဘူး။ အာဖရိကအလယ်ပိုင်းမှာလည်း ဘလက်ခါးဆန့်ကျင်ရေး ဆိုတဲ့ အရပ်သားတပ်က မွတ်ဆလင်လူနည်းစုတွေကို အသက်အန္တရာယ်ခြိမ်းခြောက်ပြီး ခရစ်ယာန်ဘာသာ ကူးပြောင်း လာအောင် အတင်းတိုက်တွန်းမှုရှိခဲ့ပါတယ်။  အိန္ဒိယနိုင်ငံက ပြည်နယ်အတော်များများမှာလည်း ဘာသာကူးပြောင်းတာကို တားမြစ်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ရှိပါတယ်။ ဥပမာ- ဘာသာကူးပြောင်း ချင်ရင် သက်ဆိုင်ရာအစိုးရဌာနက ခွင့်ပြုချက်ရယူဖို့ လိုအပ်တာမျိုးဖြစ် ပါတယ်။

ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်တာဟာ အစိုးရတွေချည်း မဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံက ဟိန္ဒူအမျိုးသားတက်ကြွရေးအဖွဲ့တွေက ခရစ်ယာန် နှင့် မွတ်ဆလင်အသိုင်းအဝိုင်းတွေကို တိုက်

ခိုက်တာတွေ၊ တခါတလေအကြမ်းဖက် ခြိမ်းခြောက်ပြီး ဘာသာကူးပြောင်းခိုင်းတာတွေ ရှိပါတယ်။ အချို့ဖြစ်စဉ်တွေမှာဆို နေရပ်စွန့်ခွာသွားရသူတွေ သူတို့အိမ်ကို ပြန်လာချင်တယ်ဆိုရင် ဘာသာကူးပြောင်းရမယ်လို့ အတင်းအဓမ္မတောင်းဆိုချက်တွေ ရှိခဲ့ပါတယ်။

ဘာသာရေးကိုင်းရှိုင်းတဲ့သူတွေပဲ ဒီလိုပြဿနာကို ကြုံတွေ့ရတာ မဟုတ်ပါဘူး။ ဘာသာရေး အယူအဆ ဒါမှမဟုတ် နိုင်ငံတော်နဲ့ဘာသာရေးတို့ကြား ဆက်ဆံရေးကို ဝေဖန်တဲ့သူလည်း အသက်အန္တရာယ်ပါ ကြုံတွေ့နိုင်ပါတယ်။ မကြာသေးခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဘလော့ ရေးသားသူတချို့ဟာ ဘာသာရေးအယူအဆတွေ၊ ကျင့်သုံးမှုတွေနဲ့ နိုင်ငံတော်အကြောင်းကို ဝေဖန်ရေးသားမိတာကြောင့် အစွန်းရောက်သမားတွေရဲ့သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ စိတ်မကောင်းစရာကတော့ အဲဒီ အစွန်းရောက် အကြမ်းဖက်တာတွေကို တားဆီးဖို့ ဘင်္ဂလားဒေ့ရှ် အစိုးရရဲ့ကြိုးပမ်းချက်တွေ အောင်မြင်မှု မရှိသေးတာပါ။ တချို့အစိုးရတွေဟာလည်း ဘာသာရေး အယူအဆကို ဝေဖန်တဲ့လူတွေအပေါ် တိုက်ခိုက်မှုတွေကို ရှုံ့ချဖို့ ပျက်ကွက်ခဲ့ကြပါတယ်။ အခုလိုနှုတ်ပိတ်နေတာဟာ ဒီလိုအကြမ်းဖက်မှုကို မျှတတယ်၊ လက်ခံနိုင်တယ်ဆိုတဲ့ သဘောသက်ရောက်စေပါတယ်။

ကိုးကွယ်တဲ့ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်စွာ ကူးပြောင်းခွင့်ဆိုတာ နိုင်ငံတ ကာမှာ အကြီးအကျယ်ငြင်းခုံဖွယ်ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် သဘောတူစာချုပ် အသစ် (သို့) ကြေငြာစာတမ်းသစ်တွေ အတည်ပြုတိုင်း ကိုးကွယ်တဲ့ ဘာသာ ကူးပြောင်းခွင့်အခြင်းအရာကိုတော့ ထုတ်ဖော်မှု အားနည်းပါတယ်။

ဒီလိုအားနည်းချက် ရှိခဲ့ပေမယ့် နိုင်ငံတွေအနေနဲ့ နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ဘယ်လိုအဓိပ္ပာယ်ပြန်ဆိုကျင့်သုံးမလဲဆိုတာ အကြံပြုပေးတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီကတော့ "ကိုးကွယ်သောဘာသာ (သို့) သက်ဝင်ယုံကြည်မှု တစ်ခုကို လွတ်လပ်စွာရရှိ (သို့) ခံယူပိုင်ခွင့် ဟူသည် ဘာသာတရား (သို့) သက်ဝင် ယုံကြည်မှု တစ်ခုကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးမှ လက်ရှိကိုးကွယ် နေတဲ့ ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို အခြားဘာသာတစ်မျိုးဖြင့်အစားထိုးခြင်း၊ ဘာသာမဲ့ အဖြစ်ခံယူခြင်း၊ ဘာသာ အဟောင်းကိုပြန်လည်ခံယူခြင်း စသည်တို့ အားလုံး ပါဝင်သည်" လို့ ဖော်ပြထားပါတယ်။

အကျဉ်းချုပ်ပြောရရင် လူတစ်ယောက်ရဲ့ ကိုးကွယ်တဲ့ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ရရှိခွင့် (သို့) ကူးပြောင်းခွင့်ဟာ အကြွင်းမဲ့အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။ ဘယ်အခြေအနေမှာ ဖြစ်ဖြစ် ဒီသတ်မှတ်ချက်ကို ကန့်သတ်ထားလို့ မရပါဘူး။ ဒါပေမယ့် အချို့အစိုးရတွေက ဒီအခွင့်အရေးကို ကန့်သတ်ထားပြီး မိသားစုတွေ (သို့) လူမှုအသိုင်းအဝန်းအတွင်းမှ အသင်းအဖွဲ့တွေက လူများစွာကို သူတို့ရဲ့ ကိုးကွယ်မှု (သို့) သက်ဝင်ယုံကြည်မှုကြောင့် နှင့် ဘာသာကူးပြောင်းမှုကြောင့် နည်းမျိုးစုံနဲ့ အပြစ်ဒဏ်ပေးတဲ့ ဖြစ်စဉ်တွေ အများကြီး ရှိခဲ့ပါတယ်။

ကိုးကွယ်မှု (သို့) သက်ဝင်ယုံကြည်မှု အခွင့်အရေးနှင့် ပြောင်းလဲခွင့်အပါအဝင်၊ ၎င်းနှင့် ဆက်စပ်တဲ့ လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာ အသေးစိတ်ကို ဝက်ဘ်ဆိုက်မှာ တင်ထားတဲ့ သင်ထောက်ကူ အကြောင်းအရာတွေမှာ ပိုမိုလေ့လာနိုင်ပါတယ်။

Copyright: SMC 2018